THE WORLD BANK
IBRD • IDA | WORLD BANK GROUP

သတင်းထုတ်ပြန်ချက်

အသက်မွေးမှု စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ပိုမိုနက်နဲလာသည့်အတွက် မြန်မာ့စီးပွားရေး ဆက်လက် အားနည်းနေမည်

ရန်ကုန် ၊ ဇွန် ၁၂ ၊ ၂၀၂၄ - မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကုန်ထုတ်လုပ်မှုအပေါ် အဟန့်အတားဖြစ်စေသည့် ပဋိပက္ခ ၊ မေခရိုစီးပွားရေး မတည်ငြိမ်မှု နှင့် နေရပ်ရွှေ့ပြောင်းရမှုတို့ကြောင့် စိန်ခေါ်မှုများနှင့် ဆက်လက် ရင်ဆိုင်နေရပြီး စီးပွားရေးတိုးတက်မှုမှာ ဆက်လက်နှေးကွေးနေမည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ အသစ်က ဖော်ပြသည်။

ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာအရ မတ်လ ၂၀၂၅ နှစ်အထိ တစ်နှစ်တာကာလ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးသည် ၁ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းသည်။ ယင်းမှာ ယခင်နှစ်က ခန့်မှန်းချက်များနှင့် ကိုက်ညီမှုရှိသော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ခန့်မှန်းခဲ့သည့် ၂ ရာခိုင်နှုန်း အောက် လျော့နည်းသည်။ စီးပွားရေးထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်ကရှိခဲ့သည့် အနေအထားအောက်တွင် ၉ ရာခိုင်နှုန်း ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားပြီး ယင်းမှာ ဒေသတွင်းရှိ အခြားတိုင်းပြည်စီးပွားရေးများနှင့် နှိုင်းယှဉ်ကြည့်ပါက သိသာထင်ရှားသည့် ကွာဟချက်ဖြစ်သည်။ အစီရင်ခံတွင် မြန်မာ့စီးပွားရေးနှင့် မြန်မာပြည်သူများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများစွာကို တင်ပြထားသည်။ ငွေကြေးဖောင်းပွနှုန်းနှင့် အလုပ်လက်မဲ့နှုန်းများ ဆက်လက်မြင့်တက်နေဖွယ် ရှိသည့်အတွက် ဆင်းရဲမှုအခြေအနေမှာ မြန်မာနိုင်ငံအနှံ့ အပြားတွင် ဆိုးရွားနေမည် ဖြစ်သည်။ သွင်းကုန်များ ပြတ်လတ်မှု၊ လုပ်သားဈေးကွက် မတည်ငြိမ်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများကလည်း ကုန်ထုတ်လုပ်ရေး လုပ်ငန်းများအား အတားအဆီးဖြစ်စေသည်။ ဝင်ငွေကျဆင်းမှုနှင့် အိမ်ထောင်စုများ အသုံးစရိတ်ခြွေတာရမှုများကလည်း စားသုံးမှုနှင့် လက်လီရောင်းဝယ်ဖောက်ကားရေးအတွက် အတားအဆီးဖြစ်စေသည်။

၂၀၂၄ ခုနှစ်အစတွင် နိုင်ငံလူဦးရေ၏ ၃၂ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသည့် အခြေအနေတွင် ရောက်ရှိလာသည့်အတွက် ၂၀၁၅ ခုနှစ်က မြင်တွေ့ခဲ့ရသော အခြေအနေသို့ ပြန်လည်ကျရောက်သွားခဲ့သည်။ ထို့အပြင် ကျန်သုံးပုံတစ်ပုံသော လူဦးရေသည်လည်း ဆင်းရဲသည့် အခြေအနေသို့ ကျရောက်နိုင်ခြေ မြင့်မားသည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသည့် အတိုင်းအတာ နက်နဲမှုနှင့် ပြင်းထန်မှုသည် ၂၀၁၅ ခုနှစ်တွင် ရှိခဲ့သည့် အနေအထားသို့ အလျင်အမြန် ရောက်ရှိလာလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလမတိုင်ခင်ကာလထက် တိုးလာသည့် ဆင်းရဲနွမ်းပါးသူ လူဦးရေမှာ ၇ သန်းရှိသည်။

“နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများ၊ အလုပ်အကိုင်ဆုံးရှုံးမှုများ နှင့် ဝင်ငွေကျဆင်းမှုများ ဖြစ်လာနေခဲ့ပြီး ဆင်းရဲမှု ကျဆင်းရေး အတွက် ဆယ်စုနှစ်တစ်ခုစာ ကြိုးပမ်းခဲ့တဲ့ ရလာဒ်တွေ အကုန် အလဟဿဖြစ်သွားရတယ်။” ဟု ***ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံများဆိုင်ရာ ဌာနေညွှန်ကြားရေးမှူး မာရီယမ်ရှာမန်*** ကပြောကြားခဲ့သည်။ “မြန်မာပြည်က အိမ်ထောင်စုများအနေဖြင့် ကာလတိုနဲ့ လာမည့် ကာလလတ်အတွင်း အနည်းငယ် အသက်ရှူချောင်လာနိုင်ဖွယ်ရှိသော်လည်း စီးပွားရေးတခုလုံးအနေဖြင့် တိုးတက်မှုခန့်မှန်းချက်မှာ အလွန် အားနည်းသည့် အနေအထားတွင် ဆက်လက်ရှိနေမည်။”

အသက်မွေးမှု စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်သက်ရောက်မှုများအပြင် ပဋိပက္ခကြောင့် နယ်စပ်ကုန်သွယ်မှုများ နှင့် ပြည်တွင်း ကုန်စည်စီးဆင်းမှု ပြတ်တောက်ခဲ့ကြောင်း တွေ့ရသည်။ မတ်လ ၂၀၂၄ ခုနှစ်အထိ ခြောက်လတာ ကာလအတွင်း ယခင်နှစ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက ကုန်သွယ်ပို့ကုန် ၁၃ % နှင့် သွင်းကုန် ၂၀% အထိ ကျဆင်းခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍသည် ရာသီဥတု ကောင်းမွန်နေမှု၊ စပါးနှင့် ကောက်ပဲသီးနှံများ အထွက်နှုန်း တိုးတက်လာမှုကြောင့် ကြံ့ကြံ့ခံနေနိုင်သည့် အရိပ်လက္ခဏာများ မြင်တွေ့ရသည်။ သို့ရာတွင် လောင်စာဆီ ဈေးနှုန်းများ မြင့်မားခြင်း၊ ချေးငွေရရှိနိုင်ရန် ခက်ခဲခြင်း နှင့် ပဋိပက္ခ ဖြစ်စဉ်များကြောင့် အထွက်နှုန်း ထိခိုက်နိုင်ခြေ မြင့်မားနေဆဲဖြစ်ပြီး လာမည့် ကာလတိုအထိ ကုန်ထုတ်လုပ်မှုအပေါ် အတားအဆီး ဆက်လက် သက်ရောက်နေမည်။

“ကျန်းမာရေး နှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာခြင်း ၊ အလုပ်အကိုင် ကျဆင်းခြင်းနှင့် ကောင်းမွန်သည့် အလုပ်များရှားပါးလာခြင်း၊ ပြည်ပရွှေ့ပြောင်းသည့် လူဦးရေ များလာသည့်အတွက် ပြည်တွင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရခြင်းက ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပို၍နှောင့်နှေးစေနိုင်ပါသည်” ဟု **ကမ္ဘာ့ဘဏ်၏** ***မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို နိုင်ငံများဆိုင်ရာ*** **အစီအစဉ်ဦးဆောင်သူ နှင့် အကြီးတန်း စီးပွားရေးပညာရှင် ကင်မ် အယ်လန် အဒ်ဝပ်** ကပြောကြားခဲ့သည်။

ဆက်သွယ်ရန်

Aiden Glendinning

+856 21 266278

aglendinning@worldbankgroup.org

Website: https://www.worldbank.org/en/country/myanmar

သတင်းထုတ်ပြန်ချက်

2024/066/EAP